# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

# နဝမနေ့အစီအစဉ်

# [ ၁၆–၇–၂၀၁၂] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များ က မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်စုစုလှိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်၏ **လယ်လုပ်ခွင့် ဆုံးရှုံးနေသည့် လယ်သမားများကို ပြန်လည် လုပ်ကိုင်ခွင့်ပေးရန်**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **နိုင်ငံတော်၏ စားနပ်ရိက္ခာ စီမံခန့်ခွဲမှုကို မည်သို့ စီမံဆောင်ရွက်ထားရှိသည်**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးခွန်သိန်းဖေ၊ ဟိုပုံး မဲဆန္ဒနယ်၏ **ညောင်ရွှေမြို့နယ်၊ ကျွန်းတောင်မှ မောက်မယ်အထိ ၈၈ မိုင်ရှည်သောလမ်းမကို ပြည်ထောင်စု လမ်းမအဖြစ် ဖောက်လုပ်ပေးရန်** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးဉာဏ်ဝင်း၊ လှိုင်သာယာ မဲဆန္ဒနယ်၏(ကိုယ်စား) ဦးတင်မောင်ဝင်း မင်္ဂလာဒုံ မဲဆန္ဒနယ်၏ **ညောင်တုန်းလမ်းမကြီးအား ပြုပြင်ပေးရန်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(င) ဦးကြည်မြင့်၊ လသာ မဲဆန္ဒနယ်၏ **စရိတ်မျှပေးကျန်းမာရေးစနစ်ကို ဖျက်သိမ်းရန်** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(စ) ဒေါက်တာနေလင်း၊ ဆိပ်ကမ်း မဲဆန္ဒနယ်၏(ကိုယ်စား) ဦးဟန်စိန်၊ တိုက်ကြီး မဲဆန္ဒနယ်၏ **ကိုယ်ဝန်ဆောင်မိခင် သေဆုံးမှုနှင့် ၅ နှစ်အောက် ကလေးများ သေဆုံးမှုလျော့နည်းရေး** နှင့် စပ်လျဉ်းသည့်မေးခွန်း။

၆။ ဦးသန်းနွယ်၊ ဘုတလင် မဲဆန္ဒနယ်က **"သဘာဝဝန်းကျင်တည်ငြိမ်မှု ဂေဟစနစ်မျှတမှုကို ပြန်လည် ရရှိစေရေးနှင့် အမြဲတမ်း သစ်တောမြေများမှ သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရေရှည်ထာဝစဉ် အသုံးပြုနိုင်ရေး အတွက် နိုင်ငံတော်ရှိ အရေးပါသော သဘာဝ သစ်တောကြီးများ ထာဝစဉ် တည်တံ့အောင် ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်သင့်ကြောင်း "**အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း။

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ် ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်က **" မြန်မာ့ရိုးရာ ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မရှင်တစ်ရပ် ဖွဲ့စည်း၍ အမျိုးသားယဉ်ကျေးမှု မြှင့်တင်ရေး စီမံချက်ချဆောင်ရွက်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း။

၉။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ် ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။